**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**SSA လက်နက်ကိုင်အဖွဲ့မှလူငယ်များအားဖမ်းဆီးခေါ်ဆောင်သွားသည့်ကိစ္စနှင့်စပ်လျဉ်း၍**

**သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၈/၂၀၁၈)**

၁။ ရှမ်းပြည်နယ်၊ကျိုင်းခမ်းဒေသရှိ EZY ကုမ္ပဏီ၊ Power Tun ကုမ္ပဏီ၊ Love and Like ကုမ္ပဏီ၊ Pan Thu ကုမ္ပဏီတို့တွင်အလုပ်လုပ်ကိုင်နေကြသည့်အလုပ်သမား၁၂ဦးကို SSA၊ တပ်မဟာ၇၅၉၊ တပ်ခွဲ၁၉၈မှ ၂၈-၁၂-၂၀၁၇ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ပျောက်ဆုံးလူငယ်များ၏ မိဘများကမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့တိုင်ကြားလာပါသည်။

၂။ သို့ဖြစ်၍ကော်မရှင်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၁၁-၁-၂၀၁၈ရက်စွဲဖြင့် အကြောင်းကြားခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏၂၃-၅-၂၀၁၈ရက်စွဲပါစာဖြင့်ပြန်ကြားလာသည့်စာတွင်-

(က) SSA မှကုမ္ပဏီလုပ်သားအချို့အား ဖမ်းဆီးခေါ်ဆောင်သွားပြီး ယင်းတို့အနက် အချို့ကို ပြန်လွှတ်ပေးပြီး မောင်ဝေလင်းစိုး၊ မောင်ကျော်စွာဟိန်း၊ မောင်ကျော်လင်းဖြိုး၊ မောင်စစ်မျိုးနိုင်၊ မောင်ထင်ကျော်နှင့် မောင်ထွေးတို့၆ဦးအား SSA မှဆက်လက်ဖမ်းဆီးထားပါသည်။

(ခ) အဆိုပါကုမ္ပဏီများက SSA-S တပ်ဖွဲ့ဝင်များနှင့်ချိန်းဆို၍ ၆-၁-၂၀၁၁ရက်နေ့၌ ငွေကျပ်သိန်း၂၀၀ကိုသွားရောက်ပေးပို့ခဲ့ပြီး ရွေးယူရန်ကြိုးစားခဲ့သော်လည်း ၎င်းတို့ တောင်းခံထားသည့် ငွေမပြည့်ဟုဆိုကာ သွားရောက်ပေးပို့သူ ၇ဦး အဖွဲ့မှ ဦးစိုင်းစံလု တစ်ဦးကိုသာပြန်လွှတ်ပေးခဲ့ပြီး ကျန်၆ဦးကိုလည်း ထပ်မံဖမ်းဆီးထားခဲ့ပါသည်။

(ဂ) ဖမ်းဆီးခံထားရသူ ၁၂ဦးမှာ ယနေ့အချိန်အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးသဖြင့်ဒေသခံလူငယ်များပြန်လည် စေလွှတ်ပေးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတောင်ကြီးမြို့ရှိ RCSS/SSA ဆက်ဆံရေးရုံးသို့ အကြောင်းကြားထားသည်ဟုဖော်ပြပါရှိပါသည်။

၃။ အဆိုပါဖြစ်စဉ်သည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် လုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်သည့်အပြင် အပြစ်မဲ့တိုင်းရင်းသားပြည်သူများ၏ အခြေခံလူ့အခွင့်အရေး ကိုထိခိုက်စေသည်ဟု သုံးသပ်ရရှိပါသဖြင့် ဖမ်းဆီးထားသူများကို ပြန်လည်လွှတ်ပေးသင့်ပါကြောင်း အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၈ခုနှစ်၊ဩဂုတ်လ၇ရက်